# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## ဟိုပုံးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

အကြောင်းအရာ။ ။ ဒုံမေးခိုးကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအစီအစဉ်စာအုပ်

ရက်စွဲ။ ။ ၂၀၁၈ခုနှစ် ဇန်နဝါရီလ

ဒုံမေးခိုးကျေးရွာ

ဟိုပုံးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၁၆-၂၀၁၇/၂၀၂၀-၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဒုံမေးခိုးကျေးရွာ၊ဟိုပုံးမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

မာတိကာ

အတိုကောက်စကားလုံးများ

စကားချီး

ဒုံမေးခိုးကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဟိုပုံးမြို့နယ်

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်**

၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်

(ခ) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

(ဂ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

(ဃ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

**၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ**

(က) တည်နေရာ၊ ရာသီဉတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

**၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ**

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့်အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျား-မ ရေးရာကိစ္စဆိုင်ရာ

**၄။ ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ**

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအား လက်လှမ်းမီမှု-လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

**၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

**၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ**

(က) ဖွံ့ဖြိုးရေးပန်းတိုင်

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

**၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ**

(က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

(ခ) စိုက်ပျိုးရေးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး

(ဂ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ

(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဆိုင်ရာအထောက်အပံ့

(င) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

**၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ**

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်း

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စု ခွဲခြားခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

**၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်**

**၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအမံများ

**၁၁။ စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း**

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်း အကဲဖြတ်ပွဲ

(ဂ) နည်းပညာဆိုင်ရာအကူအညီ

နောက်ဆက်တွဲ(၁)စီမံကိန်းဇယားများ

## ၁။ လူမှုစီးပွားရေးအခြေအနေ

| | | |
|---|---|---|
| ဇယား | ၁ | လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ |
| ဇယား | ၂ | လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား |
| ဇယား | ၃ | လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား |
| ဇယား | ၄ | ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု |
| ဇယား | ၅ | ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ |
| ဇယား | ၆ | ဥစ္စာဓနအဆင့်အခြေအနေ |
| ဇယား | ၇ | ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင် အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ |
| ဇယား | ၈ | ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ |
| ဇယား | ၉ | ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ |
| ဇယား | ၁၀ | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ |

## ၂။ ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ

| | | |
|---|---|---|
| ဇယား | ၁၁ | ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ |
| ဇယား | ၁၂ | ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ |
| ဇယား | ၁၃ | ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု |
| ဇယား | ၁၄ | ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေးသွင်းဧရိယာ |
| ဇယား | ၁၅ | အဓိကသီးနှံများနှင့် အထွက်နှုန်း |
| ဇယား | ၁၆ | ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု |
| ဇယား | ၁၇ | သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းများ |
| ဇယား | ၁၈ | သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ |
| ဇယား | ၁၉ | မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ |

ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက်အခွင့်အလမ်းများ

ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက်အခွင့်အလမ်းများ

ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက်ပြဿနာနှင့် အခက်အခဲများ

ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းအရင်း

ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား ၂၉ ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား ၃၀ မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

ဇယား ၃၁ ကျောင်းတက်နှုန်း

ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား ၃၄ အဖြစ်များသော ရောဂါများ

ဇယား ၃၅ လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု

ဇယား ၃၈ အိမ်သာအမျိုးအစား

ဇယား ၃၉ ကျား-မ ရေးရာ

ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ

ဇယား ၄၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာအခြေအနေ

ဇယား ၄၆ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ(၂)ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယားကွင်းဆက်**

ဇယား ၄၉ ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

**နောက်ဆက်တွဲ(၃)ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ**

ဇယား ၅၀ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ဇယား ၅၁ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

**ကိုးကားစာရင်း**

**အတိုကောက်စကားလုံးများ**

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

## စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည်၂၀၁၆/၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက်လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်သည့်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေး ညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံးသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်

နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ဇန်နဝါရီ၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ဒုံမေးခိုးကျေးရွာ

ဟိုပုံးမြို့နယ်

## ဒုံမေးခိုးကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဟိုပုံးမြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

## ၁။ နိဒါန်း

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်း များ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော် မည့်အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

### (ခ) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းကို နိုင်ငံတော်၏အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီ အစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီး နောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီး ပုံကို အလေးထား မိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှလိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန်လိုအပ်သော နည်းပညာများရရှိရန် အရေးကြီး ကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေ များ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေး ကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာ ကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်း လင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာ များနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေ ပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန် သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

## (ဂ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာ မြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။ အစိုးရမဟုတ်သာ အဖွဲ့အစည်း (NGOs)၊ အရပ် ဖက်လူမှုအဖွဲ့အစည်းများ (CSOs)နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန် တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင် ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက် ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင် မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်း ကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင် ရွက်လာနိုင်မည်ဖြစ်သည်။ မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှု ပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိ နိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ နိုင်ငံ တကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ ( ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းများကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

### (ဃ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင် ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအ ခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ် မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ် ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ဒုံမေးခိုးကျေးရွာသည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ဟိုပုံးမြို့နယ်နှင့် (၄)မိုင်သာဝေးပြီး ဆက်သွယ်သွားလာရလွယ်ကူသည်။ ကျေးရွာသည် ကုန်းအနည်းငယ်စောင်းသော အသွင်ရှိပြီး အဓိက အသက်မွေးဝမ်းကျောင်း လုပ်ငန်းများမှာ စိုက်ပျိုးရေးဖြစ်ပြီး မွေးမြူရေးကိုလည်းတနိုင်တပိုင်မွေးမြူကြပါသည်။ ကျေးရွာသည် မြေပြန့်ဖြစ်သဖြင့် ချောင်းရေကြီးခြင်းမှ လွတ်ကင်းသည်။ ကျေးရွာအနီးတွင်တောတောင်များရှိသည်။ ကျေးရွာမှ စိုက်ပျိုးရေးတွင် ပြောင်း၊ နနွင်း၊ ဆေးဂမုန်း၊ပဲစဉ်းငုံတို့ကိုအများဆုံးစိုက်ပျိုးကြသည်။

### (ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေအသင့်အတင့်ရှိပြီး ကုန်းအနည်းစောင်းကာ မြေဆီအသင့်အတင့်ကောင်းမွန်သည်။ သို့သော် ဓာတ်မြေသြဇာများအစွမ်းဖြင့် အထွက်နှုန်းကောင်းအောင် ပြုပြင်စိုက်ပျိုးကြသည်။ ကျေးရွာတွင် သယံဇာတများနှင့် ဓာတ်သတ္တုများမထွက်ရှိသော်လည်း ကျောက်၊သဲ၊ကျောက်စရစ်များ သည် ကျေးရွာအသုံးပြုနိုင်ရန်သာရှိပြီး စီးပွားဖြစ် မထုတ်လုပ်နိုင်ပေ။ တောင်သူအများစုသည် တောင်ယာကိုသာစိုက်ပျိုးကြသည်။ ရေအရင်းအမြစ်မရှိသော

ကြောင့် ရေမလုံလောက်မှုပြဿနာနှင့် နှစ်စဉ်ကြုံတွေ့နေရသည်။ ထွန်ယက်စိုက်ပျိုးနိုင်သော ဧက (၇၂၉.၆)၊ လယ်မြေ( ၁၅ )ဧကနှင့် ဥယျာဉ်ခြံမြေ ( ၁၄)ဧက ရှိပါသည်။ ပြောင်းကိုသာ အဓိက စိုက်ပျိုးကြပြီး စပါး၊ နနွင်း၊ ဆေးဂမုန်းများလည်းစိုက်ပျိုး ကြသည်။

## ၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာ အချက်အလက်များ

အိမ်ထောင်စုပေါင်း ( ၁၆၃ )စုနှင့် ကျား( ၃၇၃ )၊ မ( ၃၈၃) ဦးဖြင့် လူဦးပေါင်း (၇၅၆)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ ( ၄.၆၅ )ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင် ပျမ်းမျှနှုန်း (၅)ဦး ထက် လျော့နည်းသည်။ ကျေးရွာတွင် ပအိုဝ်းလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင် သော အရွယ်သည် ကျေးရွာလူဦးရေ၏ ( ၆၉.၀၅% ) ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ် ဖြစ်ကာ လူငယ်များကို လေ့ကျင့်ပျိုးထောင်ပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သော အရွယ်ရှိ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ( ၂.၁၁% )ပိုများသည်။

### (ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေ အထားမှာ သာမန်အားဖြင့်လျော့နည်းသည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စု အားလုံး၏ ( ၇၅.၅% ) သည် ဆင်းရဲနှင့်အလွန်ဆင်းရဲသောအိမ်ထောင်စုအဆင့် အဖြစ်ခံယူကြပြီး ( ၁၅.၃% ) သည် ချမ်းသာသည့် အဆင့်၊ ( ၉.၂% )သည် အလယ်အလတ်အဆင့်ရှိကြသည် ဟုသတ်မှတ်ကြသည်။ ကျေးရွာ တွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လှမ်းမီမှု၊ လယ်ယာသုံးစက် ကိရိယာများပိုင်ဆိုင်မှုတို့ကြောင့် ကျေးရွာစီးပွားရေးအနေအထားမှာ အသင့်အတင့်ကောင်းသည် ဟုပြောနိုင်သည်။ ချမ်းသာသည့်အိမ်ထောင်စုများအပြင် အခြားအိမ်ထောင်စုအချို့မှာ လက်သမား၊ ပန်းရံ၊ ဆန်ကြိတ်စက်၊ အိမ်ဆိုင်၊ ဆိုင်ကယ်ပြင်ဆိုင် စသော အသေးစားအိမ်တွင်း လုပ်ငန်းများကိုလည်း လုပ်ကိုင်ကြသည်။ ငွေချေးသောအိမ်ထောင်စုအချို့နှင့် အစိုးရဝန်ထမ်း အချို့လည်း အသင့်အတင့်အဆင်ပြေသည်။

ယင်းတို့အနက် ဆင်းရဲနှင့် အလွန်ဆင်းရဲသောအိမ်ထောင်စုအဆင့်သည် ကျေးရွာ တွင် အများဆုံးဖြစ်ပြီးမြေယာအနည်းငယ်ပိုင်သော တောင်သူများ၊ လက်လုပ်လက်စားများနှင့် မြေယာမဲ့အိမ်ထောင်စုများပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု အရေအတွက်မှာ ( ၁၃.၅% )ရှိကာ ဆင်းရဲနှင့် အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများဖြစ်ကြသည်။ ကျေးရွာတွင် မြေယာမဲ့များရှိသော်လည်း ရာသီအလိုက်တောင်ယာလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ဆန်ကြိတ်စက်၊ တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများတွင် အလုပ်အကိုင်ရှာဖွေရရှိနိုင်ကြသည်။

ဝင်ငွေနည်းပါးသော အချို့အိမ်ထောင်စုဝင်များသည် နိုင်ငံပြင်ပထွက်၍ အသက်မွေးဝမ်းကျောင်းလုပ်ကိုင်ဆောင်ရွက်ကြပါသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများရှိသော်လည်း ရာသီအလိုက်စိုက်ပျိုးရေးနေ့စားလိုက်သူများ၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် လက်သမား၊ ပန်းရံနှင့် မြေဇကများသော အိမ်ထောင်စုများမှ မစိုက်ပျိုးသော မြေယာများတွင် အလုပ်အကိုင်ရှာဖွေလုပ်ကိုင်ကိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ၏ (၃၀%)ဖြစ်သော အိမ်ထောင်စု (၃၅)စုကို လေ့လာဆန်းစစ်မှုအရ အိမ်ထောင်စု ( ၁၆)စုသည် မချေးမငှါးပဲ (၃)လခန့်စားနိုင်ကြောင်း ကျန်သော (၉)လမှာ ဆွေမျိုး၊ မိတ်ဆွေများ၊ငွေတိုးချေးသူများထံမှ ချေးယူစားသုံးနေကြောင်းသိရသည်။ အိမ်ထောင်စု( ၁၉)စုသည် မချေးမငှါးမဲ (၃)လမှ (၆)လအထိ စားနိုင်ကြောင်းကျန်သော( ၆ )လမှာ ဆွေမျိုး၊ မိတ်ဆွေများ ၊ငွေတိုးချေးသူများထံမှ ချေးယူစားသုံးနေကြောင်းသိရသည်။ အကြွေးတင်ရှိမှုတွင် ဆန်းစစ်ခဲ့သော အိမ်ထောင်စုအားလုံးသည် အကြွေး (၂)သိန်းမှ (၈)သိန်းအထိ တင်ရှိနေကြသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြသည်။ ကလေးငယ်များမှာလည်း ကျေးရွာကျန်းမားရေးဌာနခွဲမှ ပိုလီယို၊ ဝက်သက်၊ ချိုက်တို၊ မေးခိုင်စသော ကာကွယ်ဆေးများ လစဉ်ကာကွယ်ဆေးတိုက်၊ ဆေးထိုးစသော ကလေးကျန်းမာရေးဝန်ဆောင်မှုဆောင်ရွက်ပေးခြင်းကြောင့် ကျန်းမာရေးကောင်းပါသည်။ သွေးလွန်တုပ်ကွေး၊ ငှက်ဖျား၊ တီဘီစသော ရောဂါများ ဖြစ်ပွားပါကလည်း ကျေးလက်ကျန်းမာရေးဌာနသို့ သွားရောက်ကုသသဖြင့် သက်သာပျောက်ကင်းကြောင်းတွေ့ရှိရပါသည်။ အမျိုးသမီးများ၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့သည် ကျန်းမာရေးအသိပညာလိုအပ်မှုရှိကြသည်။ ကျေးရွာသားများအနေဖြင့် ကျေးရွာတွင် ကျန်းမာရေးဌာနခွဲရှိပြီး (၄)မိုင်သာကွာဝေးပြီးကားလမ်းဖြင့် အလွယ်တကူသွားလာနိုင်သော မြို့နယ်ဆေးရုံ၊ ဆေးဆိုင်များနှင့်လည်းလက်လှမ်းမီသည်။

ကျေးရွာတွင် အဝီစိတွင်း၊ စက်တပ်၊ လက်နှိပ်တုံကင်၊ ရေချောင်း(၁)ချောင်းများမှ ရေကို အသင့်အတင့်ရနိုင်ကြပြီး ဝမ်းပျက်၊ ဝမ်းလျှော၊ အစာအိမ်ရောင်စသောရောဂါဖြစ်ပွားမှုများနည်းပါးကြောင်းတွေ့ရသည်။

(င)  ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အတင့်ရှိကြောင်းတွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက် တို့ကို တတ်မြောက်ကြပြီး စာမတတ်သူ ဦးရေ အနည်းငယ်ရှိကြောင်းတွေ့ရပါသည်။ ဘွဲ့ရအရေအတွက်လည်းအနည်းငယ်ရှိသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိ အလယ်တန်းကျောင်းခွဲတွင်တက်ရောက်သင်ကြားနိုင်ကြသည်။ သို့သော် အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများနည်းပါးဆဲဖြစ်သည်။

(စ)  ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှုအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျားမဆိုင်ရာတာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှု အဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ် ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်နှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်၌ မိန်းကလေးအရေအတွက်သည် ယောကျ်ားလေးအရေအတွက်ထက်များနေကြောင်း တွေ့ရှိရသည်။ ကျေးရွာနေ့တွက်လုပ်အားခများမှာ အမျိုးသားများပိုရပါသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်မှု တူညီကြသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခနည်းလျက်ရှိသည်။ ကျား-မ တန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မတန်းတူညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

## ၄။  ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က)  ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၃)ဖွဲ့နှင့် ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ(၁)ဖွဲ့ရှိပါသည်။ ကျေးရွာရှိ အဖွဲ့အစည်းအားလုံးသည် ကျေးရွာလူမှုရေး၊ ဘာသာရေး၊သာရေးနာရေး စသည်တို့တွင် တစ်ဖွဲ့နှင့်တစ်ဖွဲ့ချိတ်ဆက်၍ ကျေးရွာ၏ လုပ်ငန်းများတွင် တက်ညီလက်ညီ ပူးပေါင်းပါဝင်လုပ်ဆောင်ကြသည်။ ယင်းအဖွဲ့များတွင် အမျိုးသမီးများပါဝင်လှုပ်ရှားဆောင်ရွက်မှုအားနည်းသည်။ ပညာရေးကဏ္ဍတွင် ကျောင်းအကျိုးတော်ဆောင်

အဖွဲ့မှ ကျေးရွာအလယ်တန်းကျောင်းခွဲ၏ ဖွံ့ဖြိုးရေးကို တက်ညီလက်ညီကူညီဆောင်ရွက်ပေးသည်။

## (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် ပြောင်းကို အဓိကထားစိုက်ပျိုးကြသည်။ ပြောင်းစိုက်ဧက(၁၀၀)ရှိပြီးနနွင်း(၅၀)ဧက၊ ဆေးဂမုန်း(၅၀)ဧကနှင့် စပါး(၃၀)ဧက စိုက်ပျိုးကြသည်။ ပြောင်းပျမ်းမျှအထွက်မှာ (၁၁၅၀)ပိဿာ၊ နနွင်း(၃၀၀)ပိဿာ၊ဆေးဂမုန်း(၃၀၀၀)ပိဿာနှင့် စပါး(၁၈)တင်းနှုန်းတို့ထွက်ရှိပါသည်။

စိုက်ပျိုးရေးပစ္စည်းကုမ္ပဏီများမှလည်း တောင်သူများကို ကျေးရွာအရောက်ဝန်ဆောင်မှုများ ပြုလုပ်ပေးသည်။ တောင်သူအများစုသည် စိုက်ပျိုးရေးလုပ်ငန်းခွင်အတွက် ငွေကြေးအရင်းအနှီးမပြည့်စုံမှုနှင့် စိုက်ပျိုးရေးအသိပညာအားနည်းမှု ပြဿနာကို ရင်ဆိုင်ရတတ်ပြီး ငွေကြေးအရင်းအနှီးအတွက် သီးနှံပွဲစားများထံမှ အတိုးပေးပြီး ငွေကြေးအရင်းအနှီးများကို ငှါးရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ်မြင့်မားရသည်။

ကျေးရွာတွင် ကျွဲမွေးမြူသူ အိမ်ထောင်စုအရေအတွက်မှာ တစ်ရွာလုံး၏ (၆.၁%) ဝန်းကျင်သာရှိပြီး ဒေသမှ ကျွဲမျိုးများကို မွေးမြူကြသည်။ စားကျက်မြေမရှိသောကြောင့် ၎င်းမွေးမြူသူဦးရေနည်းပါးခြင်းဖြစ်သည်။ ဝက်မွေးမြူသူအိမ်ထောင်စုအရေအတွက်မှာ တစ်ရွာလုံး၏( ၂၃.၉%)ရှိပါသည်။ ဝက်သားပေါက်တစ်ကောင်လျှင် ( ၆၀၀၀၀ )ကျပ်မှ ( ၇၀၀၀၀ )ကျပ်အထိရှိသောကြောင့်လည်းကောင်း၊ တစ်ခါတစ်ရံရောဂါကျရောက်တတ်သောကြောင့်လည်းကောင်း မွေးမြူသူဦးရေ နည်းပါးရခြင်းဖြစ်သည်။ ဝက်မျိုးမှာလည်းဒေသမျိုးသာမွေးမြူကြပြီး ဈေးကွက်တွင်ဝယ်လိုအားရှိသည်။ ရာသီအလိုက်ဖြစ်ပွားတတ်သော တိရစ္ဆာန်ရောဂါများကြောင့် သေဆုံးပျက်စီးမှုများရှိတတ်သည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှရရှိသော်လည်း ဝန်ထမ်းအင်အားမလုံလောက်မှုကြောင့် ဆောင်ရွက်ပေးနိုင်မှု အားနည်းသည်။ မွေးမြူရေးဆိုင်ရာအဟန့်အတားများအနေဖြင့် ဆင်းရဲသောအိမ်ထောင်စုများသည် မွေးမြူရေးလုပ်ငန်းကို တိုးချဲ့ဆောင်ရွက်ရန် ဈေးငွေနှင့် နည်းပညာကို အလွယ်တကူမရရှိနိုင်ချေ။

နိုင်ငံတော်အနေဖြင့် နှစ်ရှည်ချေးငွေများ ထုတ်ချေးလျှင်အဆင်ပြေနိုင်သည်။ ကျေးရွာထဲမှ ငွေချေးငှါးသူများထံတွင် ချေးငှါးလျှင်လည်း အတိုးနှုန်း မြင့်မားတတ်သည်။ ကြက်မွေးမြူသူ(၅)ဦးသာရှိပြီး ကျေးရွာတွင် မွေးမြူရန် ရေမြေနေရာအဆင်မပြေသောကြောင့် ငါးမွေးမြူရေးလုပ်ငန်းများမရှိပါ။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာအိမ်တွင်းကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ ပန်းရံ နေ့စား၊ လက်သမားနေ့စား၊ ထော်လာဂျီအငှါးလိုက်သူများ၊ ဆန်ကြိတ်စက်လုပ်ငန်း၊ ဆိုင်ကယ်ပြုပြင်ရေးလုပ်ငန်း၊ အိမ်ဆိုင်ဖွင့်ကာ စားသောက်ကုန်နှင့် လူသုံးကုန်အရောင်းဆိုင်များ၊ အစိုးရဝန်ထမ်းများဖြစ်ကြသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက်တွက်ခြေကိုက်မှုအနည်းအပါးမှ အသင့်အတင့်အနေအထားတွင်ရှိသည်။ လက်လုပ်လက်စားများမှာ စိုက်ပျိုးရာသီတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့်ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှုနည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားခြင်းကြောင့် ထိုအခြေအနေမှာ ကျေးရွာ၏ အလားလာကောင်းတစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင်အသက်မွေးဝမ်းကျောင်းသင်တန်းအချို့ကိုဝန်ဆောင်မှုပေးနိုင်သောလုပ်ငန်းများရှိကြသည်။ အပ်ချုပ်၊ ဆံပင်အလှပြုပြင်ရေး၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြုပြင်ခြင်း၊ မိုဘိုင်းဖုန်းပြုပြင်ခြင်း၊ ဝပ်လျှော့လုပ်ငန်း စသည့်တို့သည် အသက်မွေးဝမ်းကျောင်းသင်တန်းများဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါသင်တန်းများနှင့် အထိအတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်သုံးပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျကြပြီး သင်တန်းစရိတ်အကုန်အကျခံနိုင်ရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း မတတ်နိုင်ကြချေ။အဆင်ပြေသောအိမ်ထောင်စုအချို့သာ စက်ချုပ်၊ စက်ပြင်စသော သင်တန်းများသို့ အခကြေးငွေ အကုန်ကျခံကာ ပို့လွှတ်သင်ကြားကြသည်။ ဒေသစီးပွားရေးလုပ်ငန်းအားနည်းခြင်းကြောင့် ဝင်ငွေနည်းပါးသော မိသားစုဝင်အချို့သည် ပြည်ပနိုင်ငံသို့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများသွားရောက် လုပ်ကိုင်ဆောင်ရွက်မှုများလည်းရှိပါသည်။

## (ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် စိုက်ပျိုးသီးနှံများအထွက်တိုးစေရန်အတွက် ဓာတ်မြေဩဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ မုန်းတိုင်းဘေးအန္တရာယ်တို့နည်းပါးသည်။ အားပျော့သော မုန်တိုင်းဝင်ရောက်မှုသာတစ်ခါတစ်ရံကြုံတွေ့ရတတ်သည်။ အခါအားလျော်စွာကျရောက်တတ်သော မိုးခေါင်ခြင်းက သဘာဝအန္တရာယ်တစ်ရပ်အနေဖြင့် ရှိနေဆဲဖြစ်ပါသည်။

## (င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည် သမဝါယမဦးစီးဌာနမှ ထုတ်ချေးသော ချေးငွေကို (၆)လတွင်အတိုးနှုန်း(၂)ကျပ်ဖြင့် အတိုးရင်းပြန်လည်ဆပ်ရသောကြောင့် အဆင်မပြေမှုများနှင့်ကြုံတွေ့ရပါသည်။ ထိုကြောင့် ရွာတွင်းငွေတိုးချေးသူများထံမှ အတိုးနှုန်း(၅)ကျပ်ဖြင့် ချေးယူပြီး

စားဝတ်နေရေးဖြေရှင်းကြရသည်။ ကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေကို ချေးယူခြင်းမရှိပါ။ ကျေးရွာသားအများစုသည် ချေးငွေကို အကြောင်းအရင်းမျိုးစုံ (စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး ) တို့အတွက် အထူးသဖြင့် စားဝတ်နေရေးအတွက် ချေးယူကြရပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက်များပြားကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင် အကြွေးတင်ရှိမှုကို လေ့လာဆန်းစစ်ချက်အရ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများသည် အကြွေးငွေ (၂)သိန်းမှ (၈)သိန်း အထိချေးယူကြောင်းတွေ့ရှိရပါသည်။ ထိုအိမ်ထောင်စုများ၏ ( ၄၉.၂%) သည် အကြွေးငွေ (၅)သိန်းအောက် ချေးယူထားပြီး ( ၅၁.၈%)သည် (၅)သိန်းအထက်ချေးယူထားကြောင်းတွေ့ရှိရပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် အလယ်တန်းကျောင်းခွဲကို (၄၈၁၁)စတုရန်းပေအရွယ်ရှိ သွပ်မိုး၊ အုတ်ကာ၊အင်္ဂတေအခင်းကျောင်းဆောင်တွင် သင်ကြားပေးသည်။ ကျောင်းဆောင်အရေအတွက် လုံလောက်မှုမရှိခြင်းနှင့် ကျောင်းသုံးပရိဘောဂများလည်း လုံလောက်မှုမရှိကြောင်းတွေ့ရပါသည်။ ရွာသားအားလုံးမှာရေးတတ် ၊ဖတ်တတ်ကြပြီး လူဦးရေအားလုံး၏ ( ၂၁.၂၆%)သည် စာတတ်သူဦးရေဖြစ်သည်။ မူလတန်းအောင်ရာခိုင်နှုန်းလည်းမြင့်မားသည်။ ဆရာ၊ဆရာမဦးရေမှာ(၁၃)ဦးရှိသဖြင့် ဆရာအင်အားလုံလောက်မှုရှိသည်။လွန်ခဲ့သောကျောင်းဖွင့်ရာသီက မူလတန်းကျောင်းသားများအတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များနှင့် ဗလာစာအုပ်များ အခမဲ့ပံ့ပိုးပေးခဲ့သည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခုရှိပါသည်။ သောက်ရေ၊သုံးရေအတွက် လက်နှိပ်တုံကင်၊ အဝီစိတွင်း၊စက်တပ်(၂)တွင်းရှိသော်လည်း မိုးရာသီတွင်သာရေလုံလောက်ပါသည်။ ကျေးရွာမှ (၄)မိုင်ကွာဝေးသောစိမ့်စမ်းရေသည် နွေ၊မိုး၊ဆောင်းရရှိသော်လည်း ရေပိုက်အခက်အခဲကြောင့် နွေရာသီတွင်ရေခက်ခဲမှုနှင့်ကြုံတွေ့ရသည်။ ချမ်းသာသော အိမ်ထောင်စုများမှာ အိမ်သာကို အုတ်ဖြင့်ဆောက်လုပ်ကြပြီး ဆင်းရဲသော အိမ်များမှာ မြေကျင်းဖြင့် ယင်လုံအိမ်သာများ ဆောက်လုပ်သုံးစွဲကြသည်။ အိမ်ထောင်စုများထဲမှ (၄)အိမ်သည် တွင်းဖြင့်သာသုံးစွဲနေသေးကြောင်းတွေ့ရသည်။ တစ်ရွာလုံးနီးပါးယင်လုံအိမ်သာသုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှုနည်းပါးသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာများကို စနစ်တကျဆောက်လုပ်ပေးထားသဖြင့် ကျောင်းသူ/သားများ အသုံးပြုရန် လွယ်ကူသည်။

## (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်သည့် အနေအထားသီးသန့်မရှိပေ။ ၎င်းတို့သည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောက်ရွက်ကြပြီး ဘာသာရေးပွဲ၊ အလှူပွဲများတွင် အိုးစည်၊ ဗုံမောင်းစသည်တို့ဖြင့် ပျော်ပျော်ပါးပါး ပါဝင်ကြသည်။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းသီးသန့်ဖော်ဆောင်ခြင်းမရှိသေးချေ။

**(ဓ) အခြေခံအဆောက်အဦ -လမ်းတံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး**

(၂၀၁၅)ခုနှစ်က ပေ (၁၀၁၀၀)အရှည်ရှိ ရွာတွင်းကျောက်ချောလမ်းကိုပြုလုပ်ပေးခဲ့ပြီး ကျေးရွာရန်ပုံငွေဖြင့် တံတားငယ်(၁)စင်း ဆောက်လုပ်ခဲ့ပါသည်။ ရွာချင်းဆက်လမ်းများမှာ ကျောက်သာခင်းထားသောကြောင့် မိုးတွင်းကာလတွင် သွားလာရန်အတွက် လမ်းများကျဉ်းမြောင်းပြီး သွားလာရေးခက်ခဲမှုများရှိနေပါသည်။ ရေလမ်းခရီးအသုံးပြုမှုမရှိပဲ လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ် (၁၅၆)စီး၊ စက်ဘီး (၅)စီး၊ ထော်လာဂျီ(၂၂)စီးနှင့်ကား (၁၉)စီးတို့ကို အသုံးပြုလျှက်ရှိကြသည်။ ၂၀၁၇ ခုနှစ်မှစ၍ လျှပ်စစ်မီးကို စတင်သွယ်တန်းအသုံးပြုနေပြီဖြစ်သော်လည်း အိမ်ခြေ(၁၀၀)သာသုံးစွဲနိုင်ပြီး ကျန်အိမ်ထောင်စုများမှာဆိုလာစနစ်သာအသုံးပြုကြသည်။ ဆင်းရဲသော အိမ်ထောင်စုများအတွက် ကုန်ကျစရိတ်ခက်ခဲသောကြောင့်ဖြစ်သည်။ မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်သည်။ အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ လူငယ်လူရွယ်များသည် စာပေဖတ်ရှုမှုအားနည်းသော်လည်း တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ အတော်အသင့် ကောင်းမွန်ကြောင်းတွေ့ရှိရပါသည်။

**(ရ) တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်း ဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ သို့သော် ရွာသူ/သားများသည် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအချက်အလက်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ ကျေးရွာတွင် သဘာဝဘေးလျှော့ချရေး အစီအစဉ်ကို သီးသန့်ရေးဆွဲခြင်းမရှိပါ။ မြို့နယ်ရဲစခန်းနှင့် အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ၊အဟန့်အတားနှင့် စိန်ခေါ်မှုများ

**(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ**

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓာတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့် ထင်းသက်သာသည့် လျှပ်စစ်မီးဖိုဖြင့် ချက်ပြုတ်ခြင်း၊ ကျောင်းသူ/သားများအတွက်စာကြည့်ချိန်အထောက်အပံ့ဖြစ်ခြင်း၊ ရွာသူ/သားများအတွက်လည်း တီဗီ၊ဗီဒီယို၊ Sky Net ရုပ်သံလိုင်းများမှ

ဓာတ်လမ်းကြည့်ရှုပြီး အပန်းဖြေနိုင်သည့်အပြင် သုတ၊ ရသနှင့် စိတ်ပျော်ရွှင်မှုတို့ ရရှိစေပြီး ကျေးရွာအတွက် ပညာရေး၊စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးတို့ကို အထောက်အကူပြုနေပါသည်။

ကျေးရွာတွင် လူငယ်ပညာတတ်များရှိပြီး လူဦးရေ၏ ( ၆၉.၀၅%)သည် အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်သဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စိတ်အားထက်သန်သောကြောင့် အသက်မွေးဝမ်းကျောင်းသင်တန်းများကို လူငယ်များကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသာအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါသည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးမှုနှင့် ဝန်ဆောင်မှုများမှာ မြို့နှင့်လက်လှမ်းမှီသဖြင့် အဆင်ပြေပါသည်။ ကျေးရွာ၏ အလယ်တန်းကျောင်းခွဲတွင် ကျောင်းဆောင်နှင့် ကျောင်းသုံးပရိဘောဂများမှာ လက်ရှိအခြေအနေတွင် လုံလောက်မှုမရှိသောကြောင့် ကျောင်းအားကျောင်းဆောင်များတိုးချဲ့ပြင်ဆင်စရိတ်နှင့် KGစာသင်ဆောင် ဆောက်လုပ်ပေးနိုင်ပါက လက်ရှိအခြေအနေထက်များစွာ ဖွံ့ဖြိုးတိုးတက်လာနိုင်ပါသည်။

သဘာဝအရင်းအမြစ်များတွင်လည်း မြေဆီသြဇာအသင့်အတင့်ကောင်းမွန်သည်။ လယ်ယာထွက်ကုန်များကိုလည်း ထော်လာဂျီ၊ ကားများဖြင့် အလွယ်တကူသယ်ယူပို့ဆောင်ပေးနိုင်ကြသည်။ ကျေးရွာသည်ဟိုပုံး-တောင်ကြီး စသောမြို့များသို့ ကားလမ်းဖြင့်သွားလာနိုင်သည်။ ဆက်သွယ်ရေးအသင့်အတင့်ကောင်းမွန်သောကြောင့် ကျေးရွာထွက်ကုန်များကိုအလွယ်တကူတင်ပို့နိုင်ကြသည်။ ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်ကူးသန်းရောင်းဝယ်ရေးလွယ်ကူပါသည်။ မိုဘိုင်းဖုန်းဆက်သွယ်ရေးကောင်းမွန်ပါသဖြင့် ကျေးရွာ၏ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ အင်တာနက်လိုင်းများလည်း ကောင်းမွန်သဖြင့် အခြားသတင်းအချက်အလက်များ ရယူနိုင်ပြီး မိမိလိုရာချိတ်ဆက် အသုံးပြုနိုင်ကြသည်။

## (ခ) အဟန့်အတားနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာ၏ ရွာလယ်လမ်းမကြီးမှာ ကျောက်ချောလမ်းဖြစ်ပြီး တစ်နှစ်ပတ်လုံးသွားလာနိုင်ပြီး ရွာချင်းဆက်လမ်းများမှာ မိုးတွင်းကာလတွင် လမ်းများကျဉ်းမြောင်းပြီး သွားလာရခက်ခဲခြင်းများရှိသည်။ ကျေးရွာတွင်လယ်ယာမြေများမှာ မြေဆီလွှာ အသင့်အတင့်ကောင်းမွန်သည်မှအပအခြားသယံဇာတများ မထွက်ရှိပါ။ မွေးမြူရေးလုပ်ကိုင်ရန်အတွက် အရင်းအနှီးလုံလောက်မှုမရှိခြင်း၊ နည်းပညာအထောက်အပံ့နှင့် မွေးမြူရေးနည်းပညာ အားနည်းခြင်းကြောင့် အခက်အခဲဖြစ်ပေါ်လျှက်ရှိပါသည်။ ကျေးရွာတွင်ရေအရင်းအမြစ်မရှိသောကြောင့် ရွာမှ (၄)မိုင်အကွာမှ ရေသွယ်ယူသော်လည်း ရေပိုက်အခက်အခဲကြောင့် နှစ်စဉ်ရေမလုံလောက်မှုပြဿနာဖြစ်နေရသည်။ အလယ်တန်းကျောင်းခွဲတွင်လည်း ကျောင်းသားဦးရေနှင့် ကျောင်းဆောင်မမျှတမှု၊

ကျောင်းသုံးပရိဘောဂများ မလုံလောက်မှုများနှင့် ကြုံတွေ့နေရသည်။ KGကျောင်းဆောင်သည်လည်း သွပ်မိုး၊ ထရံကာ၊ ကြမ်းခင်းထားပြီး လက်ရှိအခြေအနေမှာ ထရံများပျက်စီးနေခြင်း၊ တိုင်များမှာ ဝါးဖြင့် ပြုလုပ်ထားသောကြောင့် မခိုင်ခန့်ခြင်း၊ ကြမ်းခင်းများမှာလည်း ပျက်စီးနေခြင်း စသော အခက်အခဲများရှိနေပါသည်။ စိုက်ပျိုးရေးလုပ်ကိုင်နေသော တောင်သူများသည် စိုက်ပျိုးရေးသွင်းအားစုများအတွက် ငွေကြေးမပြည့်စုံခြင်းကြောင့် သီးနှံပွဲစားများထံမှ အတိုးနှုန်းမြင့်မားစွာဖြင့် ချေးယူရသည်။ စိုက်ပျိုးရေးနည်းပညာ အထောက်အပံ့အားနည်းခြင်း၊ စိုက်ပျိုးရေးအသိပညာအားနည်းခြင်းတို့ကြောင့် စားဝတ်နေရေး မပြေလည်သော မိသားစုဝင်များအချို့သည် ပြင်ပနိုင်ငံများသို့ သွားရောက်သက်မွေးဝမ်းကျောင်းပြုနေကြရသည်။ ကျေးရွာတွင် ငွေတိုးချေးသူများရှိသော်လည်း အတိုးနှုန်းမှာမြင့်မားတတ်သည်။

ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေးအတွက်အကန့်အသတ်ရှိနေပါသည်။အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊ အတတ်ပညာ အထိအတွေ့အားနည်းပါသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့် ငါးနှစ်တာ ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်-

(က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ဘာသာရေး စသည့်ကျေးရွာ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး ကဏ္ဍဘက်စုံတိုးတက်လာစေရမည်။

(က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှ တဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည် နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(က.၃) ကျွန်ုပ်တို့ကျေးရွာလူထုသည် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍများ တဆင့်ပြီးတဆင့် တိုးတက်လာစေရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ပြီး စွမ်းဆောင်ရည်မြင့်မားလာစေရန် ဆောင်ရွက်မည်။

## (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသောကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန်အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်-

(ခ.၁) ကျေးရွာတွင် စိမ့်စမ်းရေပေးရေးအား ရေပိုက်များလဲလှယ်၍ ကျေးရွာအရောက်ရေများရရှိအောင် ကျေးရွာမှ လုပ်အားထည့်ဝင်၍လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မည်။

(ခ.၂) ကျေးရွာတွင် အစိုးရအလယ်တန်းကျောင်းခွဲတွင် ကျောင်းဆောင်သစ်များတိုးချဲ့ဆောင်ရွက်ခြင်းနှင့် KGကျောင်းဆောင်ဆောက်လုပ်ခြင်းဖြင့်ကလေးငယ်များ၏ အရည်အချင်းတိုးမြင့်လာစေရန်ဆောင်ရွက်မည်၊ ပညာရေးဌာနနှင့် ချိတ်ဆက်ပြီး အထက်တန်းကျောင်းခွဲဖွင့်လှစ်နိုင်ရေးတို့အတွက် ဆောင်ရွက်သွားမည်။

(ခ.၃) ကျေးရွာတွင် ရွာချင်းဆက်လမ်းများကောင်းမွန်စေရန် ချဲ့ထွင်ခြင်းနှင့် လမ်းတစ်ဆင့်မြှင့်တင်ခြင်းများဆောင်ရွက်မည်။

(ခ.၄) ကျေးရွာတွင် မဟာဓာတ်အားလိုင်းမှ ကုန်ကျစရိတ်ခက်ခဲသော မိသားစုများအတွက် သက်ဆိုင်ရာဦးစီးဌာနများသို့ ချိတ်ဆက်ပြီး ကျန်ရှိသော အိမ်ထောင်စုများ မီးလင်းရေး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(ခ.၅) ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများအတွက် အရင်းအနှီးငွေ၊ နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး လုပ်ငန်းများတိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိ ဘဏ်များ၊ ရင်းနှီးငွေရရှိနိုင်ရာအခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။အရင်းအနှီးငွေများရရှိလာပါက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာပေးသင်တန်းများတက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတက်ထားသူများကတဖန် ကျေးရွာတွင် ရရှိထားသော နည်းပညာများကို မျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှု တိုးတက်စေမည်။

(ခ.၆) ကျွန်ုပ်တို့သည် အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ယိုနှင့် မုန့်လုပ်နည်း၊စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြုပြင်ခြင်းနှင့် မိုဘိုင်းဖုန်းပြင်ခြင်းစသော သင်တန်း

များတက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းသားများကို တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်းအစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

(ခ.၇) ကျေးရွာတွင် ကျန်းမာရေးနှင့် ပတ်သက်၍ ဗဟုသုတများတိုးပွားစေရန် ကျန်းမာရေးအသိပညာပေးသင်တန်းများဖွင့်လှစ်နိုင်ရန် သက်ဆိုင်ရာကျန်းမာရေးဌာနနှင့်ချိတ်ဆက်ပေးမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှတည်း ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းများအား နည်းပညာအထောက်အပံ့များ ပံ့ပိုးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသားများကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတွင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

### (ခ) စိုက်ပျိုးရေးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး

ကျေးရွာတွင် ပြောင်းအပြင် စပါး၊ နနွင်း၊ ဆေးဂမုန်း တို့ကိုလည်းစိုက်ပျိုးကြသည်။ စိုက်ပျိုးရေးမှာ အထွက်နှုန်းပုံမှန်ရှိပြီး နည်းပညာအထောက်အပံ့နှင့် စိုက်ပျိုးရေးအသိပညာအားနည်းမှုကြောင့် တောင်သူများ ဝင်ငွေလျော့နည်းမှုဖြစ်စေသည်။ နည်းပညာအသုံးပြုပုံများ အပါအဝင်စိုက်ပျိုးရေးအသိပညာများရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးဦးဆောင်ပြုသင့်ပါသည်။

## (ဂ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် တောင်သူနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားလုပ်ငန်း များအတွက် အထိုက်အလျောက်များပြားသည့်ချေးငွေလိုအပ်ပါသည်။ ကျေးရွာတွင် မြို့နယ် သမဝါယမအသင်းအဖွဲ့မှ ထုတ်ချေးငွေသောချေးငွေသည် (၆)လတွင်အတိုးရင်းပြန်ဆပ်ရသော ကြောင့်တောင်သူများအနေဖြင့်ပြန်လည်ဆပ်ရန်အခက်အခဲဖြစ်သောကြောင့် ကျေးရွာတွင်ချေးယူ သူအနည်းငယ်သာကျန်ရှိတော့သည်။ ထို့ကြောင့်ကျေးရွာတွင်နှစ်ရှည်ချေးငွေအစီအစဉ်ကိုဆောင် ရွက်သင့်သည်။

## (ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့

ကျေးရွာတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးလာနိုင်မည့် အလား အလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများ အတွက် အခွင့်အလမ်းရှိပါသည်။ သို့သော်ငြင်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်နည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်များလက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး ၏ အမျိုးမျိုးကွဲပြားနေသော လုပ်ငန်းများ( ကုန်ထုတ်ခြင်း၊ စက်မှု၊ လက်မှုလုပ်ငန်း )အတွက် လုပ်ငန်းစီမံခန့်ခွဲရေးထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ထည့်သွင်းရေး ဆွဲရန်ခက်ခဲပါသည်။ ကျွန်ုပ်တို့ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေ မည့်လုပ်ငန်းသစ်များ ယခုအခါ အဆင်သင့်မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့တစ်ခုထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံးဝန်ဆောင်မှု ရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာပေးရေး ဝန်ထမ်းအချို့ ပါဝင်ပြီး၊ မြို့နယ်ဒေသသည် ကျေးရွာအထိလိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှုအထောက် အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သော ရန်ပုံငွေလည်းရှိရပါမည်။

## (င) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များပံ့ပိုး ပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့ များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံး အတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အ

ချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏ ပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန်ဖြစ်သည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်းချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျေးရွာလူထုက ငါးနှစ်တာစီမံချက် ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ် ဦးစားပေးရွေးချယ်ခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှပြည်စုံမှုမရှိနိုင်ပါ။ဤသည်မှာ ကျေးရွာလူထုသည် (၂)နှစ်၊ (၃)နှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း (၅)နှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် (၅)နှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိုခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့် အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ်တိုးလာမည့်လုပ်ငန်းစီမံချက်များသာပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် (၅)နှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာ အချက်အလက်များစိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီးအုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း ( Functional classification )ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း ( Economic classification ) သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း ( Functional classification ) ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း( Economic classification ) တွင်သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်နှင့် လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ပါဝင်သည်။

## (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာ အမှတ်ပေးအဆင့် ခွဲခြားခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားအင်ဂျင်စီများထံမှ နည်းပညာ အကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေး စီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

## ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များ

| ကဏ္ဍ/အကြောင်းအရာ | စီမံချက် | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|
| ပညာရေးကဏ္ဍတိုးတက်မှု | ၁။ KG စာသင်ကျောင်းဆောက်လုပ်ခြင်း | ၂ | - ကလေးငယ်များပညာရည်မြင့်မားရေး၊<br>- ရွာအစိုးရအလယ်တန်းကျောင်းခွဲကျောင်းဆောင်များတိုးချဲ့ပြင်ဆင်စရိတ်တောင်းခံခြင်း ။ | ပညာရေး/ဦးစီး |
| | ၂။ အထက်တန်းကျောင်းခွဲဖွင့်လှစ်နိုင်ရေး | ၃ | | |
| | ၃။ ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း | ၈ | | |
| လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာစေရေး | ၄။ ကျေးရွာချင်းဆက်လမ်းနှင့်ရွာတွင်းလမ်းချဲ့ထွင်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း | ၇ | - ပို့ဆောင်ရေးအခြေခံအဆောက်အဦများတိုးတက်လာစေရေး၊<br>- ရွာချင်းဆက်လမ်းများကျောက်ချောလမ်းခင်းရန်။ | ကျေးလက်လမ်း/ဦးစီး |
| ရွာလုံးကျွတ်လျှပ်စစ်မီးလင်းရေး | ၅။ ကျေးရွာအတွင်းရှိ မီးမရရှိသေးသည့်အိမ်များ လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်ခြင်း | ၅ | - ကုန်ကျစရိတ်ထည့်ဝင်ရန်ခက်ခဲသောမိသားစုများအတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ ရန်ပုံငွေထောက်ပံ့ခြင်း | လျှပ်စစ်/ဦးစီး |
| ချေးငွေလက်လှမ်းမီရေး | ၆။ မြစိမ်းရောင်စီမံကိန်းကဲ့သို့ နှစ်ရှည်ချေးငွေရရှိရေး | ၄ | - သင့်တင့်သောအတိုးနှုန်းဖြင့် ကာလရှည်ချေးငွေပေးနိုင်မည့် အဖွဲ့နှင့်ချိတ်ဆက်ရေး၊<br>- အတိုးနှုန်းသက်သာရေး၊<br>- ချေးငွေအတွက်လိုအပ်သောအထောက်အပံ့များပြင်ဆင်ခြင်း။ | ကျေးလက်/ဦးစီး |
| ရွာလုံးကျွတ်ရေလုံလောက်မှုရှိစေရေး | ၇။ စိမ့်စမ်းရေသွယ်စနစ်ရရှိရန်ဆောင်ရွက်ခြင်း | ၁ | - စိမ့်စမ်းရေသွယ်ယူရာတွင် လက်ရှိပျက်စီးနေသော ရေပိုက်များလဲလှယ်ခြင်းဖြင့် ရွာလုံးကျွတ်ရေလုံလောက်စွာရရှိရေး | ကျေးလက်/ဦးစီး |

| ကဏ္ဍ/အကြောင်းအရာ | စီမံချက် | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြချက် | မှတ်ချက် |
| --- | --- | --- | --- | --- |
| **မွေးမြူရေးလုပ်ငန်းများတွင်ကျယ်စွာဆောင်ရွက်လာနိုင်ရေး** | ၈။ မွေးမြူရေးအသိပညာပေးသင်တန်းများဖွင့်လှစ်ခြင်း | ၁၁ | - မွေးမြူရေးနှင့် ပတ်သက်သောအသိပညာပေးသင်တန်းများရရှိစေရန် | မွေး/ကုဦးစီး |
| **လုပ်ငန်းခွင်သုံးပညာအရည်အသွေးများပြည့်မီလာရေး** | ၉။ အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ခြင်း | ၆ | - အသေးစားစီးပွားရေးလုပ်ငန်း စီမံခန့်ခွဲနိုင်စွမ်းအားရရှိစေရန် | ကျေးလက်/ဦးစီး |
| **ကျန်းမာရေးအသိပညာများတိုးပွားလာစေရေး** | ၁၀။ ကျန်းမာရေးဝန်ထမ်းများ အချိန်ပြည့်တာဝန်ထမ်းဆောင်ရန် ဆောင်ရွက်ပေးခြင်း | ၉ | - ကျန်းမာရေးအသိပညာပေးသင်တန်းများ ဟောပြောပွဲများကျင်းပပေးခြင်း၊ | ကျန်းမာရေး/ဦးစီး |
| | ၁၁။ ကျန်းမာရေးအသိပညာပေးဟောပြောပွဲများကျင်းပခြင်း | ၁၀ | - ကျန်းမာရေးဆိုင်ရာလက်ကမ်းစာစောင်များဖြန့်ဝေခြင်း | |

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုမှ ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်-

**ဟိုပုံးမြို့နယ်၊ ပေါင်လင်းကျေးရွာအုပ်စု၊ ဒုံမေးခိုးကျေးရွာ၏ နှစ်အလိုက်လျာထားချက်**

| စဉ် | စီမံချက်(Project) | အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|---|
| ၁။ | စိမ့်စမ်းရေသွယ်စနစ်ရရှိရန်ဆောင်ရွက်ခြင်း | ၁ | ✓ | | | | |
| ၂။ | KG ကျောင်းဆောင်တည်ဆောက်ရေး | ၂ | ✓ | | | | |
| ၃။ | အထက်တန်းကျောင်းခွဲဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခြင်း | ၃ | | | | ✓ | |
| ၄။ | အရင်းအနှီးအတွက် မြစိမ်းရောင်ကဲ့သို့ စီမံကိန်းများ | ၄ | | | | | |
| ၅။ | ကျေးရွာတွင်းရှိ မီးမရှိသေးသည့်အိမ်များ လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်ခြင်း | ၅ | | ✓ | | | |
| ၆။ | အသက်မွေးဝမ်းကျောင်းသင်တန်းများ (စက်ပြင်၊ဖုန်းပြင်၊အပ်ချုပ်၊ဇာထိုး၊ ပန်းထိုး၊ စားသောက်ကုန်) | ၆ | ✓ | ✓ | ✓ | ✓ | ✓ |
| ၇။ | ကျေးရွာချင်းဆက်လမ်းနှင့် ရွာတွင်းလမ်း ချဲ့ထွင်ခြင်းနှင့် အဆင့်မြှင့်တင် ခြင်း | ၇ | | | ✓ | | |
| ၈။ | ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း | ၈ | | ✓ | | | |
| ၉။ | ကျန်းမာရေးဝန်ထမ်းများ အချိန်ပြည့် တာဝန် ထမ်းဆောင်ရန် မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင် ရွက်ခြင်း | ၉ | ✓ | | | | |
| ၁၀။ | ကျန်းမာရေးအသိပညာပေးဟောပြော ပွဲများကျင်းပခြင်း | ၁၀ | | | | | |
| ၁၁။ | မွေးမြူရေးအသိပညာပေးသင်တန်း များ | ၁၁ | ✓ | ✓ | ✓ | ✓ | |

## ၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင်ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက်ပမာဏသည် ရည်ညွှန်းနမူနာအဖြစ်ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျက်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကိုထည့်သွင်းဖော်ပြခြင်းမရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာလုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန်စသည်)

### စီမံချက်ဘတ်ဂျက်

| စဉ် | စီမံချက် | ရန်ပုံငွေ | ရင်းနှီးမြှုပ်နှံမှုအရ အုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | လူသားချင်းစာနာမှုအထောက်အပံ့ |
| ၁။ | စိမ့်စမ်းရေသွယ်စနစ်ရရှိရန်ဆောင်ရွက်ခြင်း | | | ✓ | | |
| ၂။ | KG ကျောင်းဆောင်တည်ဆောက်ရေး | | | ✓ | | |
| ၃။ | အထက်တန်းကျောင်းခွဲဖွင့်လှစ်နိုင်ရေးဆောင်ရွက်ခြင်း | | | | ✓ | |
| ၄။ | အရင်းအနှီးအတွက် မြစိမ်းရောင်ကဲ့သို့စီမံကိန်းများ | | | ✓ | | |
| ၅။ | ကျေးရွာတွင်းရှိ မီးမရှိသေးသည့်အိမ်များ လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်ခြင်း | | | ✓ | | |
| ၆။ | အသက်မွေးဝမ်းကျောင်းသင်တန်းများ (စက်ပြင်၊ဖုန်းပြင်၊အပ်ချုပ်၊ဇာထိုး၊ ပန်းထိုး၊ စားသောက်ကုန်) | | | | ✓ | |
| ၇။ | ကျေးရွာချင်းဆက်လမ်းနှင့် ရွာတွင်းလမ်းချဲ့ထွင်ခြင်းနှင့် အဆင့်မြှင့်တင် ခြင်း | | | ✓ | | |
| ၈။ | ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း | | | ✓ | | |
| ၉။ | ကျန်းမာရေးဝန်ထမ်းများ အချိန်ပြည့်တာဝန် ထမ်းဆောင်ရန် မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | | | | ✓ | |

| စဉ် | စီမံချက် | ရန်ပုံငွေ | ရင်းနှီးမြှုပ်နှံမှုအရ အုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | လူသားချင်းစာနာမှုအထောက်အပံ့ |
| ၁၀။ | ကျန်းမာရေးအသိပညာပေးဟောပြောပွဲများကျင်းပခြင်း | | | | ✓ | |
| ၁၁။ | မွေးမြူရေးအသိပညာပေးသင်တန်းများ | | | | ✓ | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင်တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာအလယ်တန်းကျောင်းခွဲ၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့သည် ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကိုတာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင် မတတ်နိုင်သော အကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် အလယ်တန်းကျောင်းခွဲပညာရေးသင်ကြားမှုအရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအ

ထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

## (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင်တင်ဒါ ခေါ်ယူဆောင်ရွက်ရမည့်ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း၊ ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင်ဖြစ်ပါမည်-

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့်လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊မွေးမြူရေးစသည့်သင်တန်းများအတွက် နည်းပညာဆိုက်ရာနှင့်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံးခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့က တာဝန်ပေးထားသော အဖွဲ့ခွဲ၏တာဝန်သာဖြစ်သည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တာဝန်ပေးထားသော အဖွဲ့ခွဲကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းနှင့် နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ပါမည်။

## (ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင်တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက်သက်ဆိုင်ရာ အဖွဲ့ခွဲအား တာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည့်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအကောင်အထည်ဖော်ရာတွင်တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်း၍ ပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက်ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများတက်ကြွစွာအတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

### (က) ကြီးကြပ်စစ်ဆေးခြင်း ( Monitoring )

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှုနှင့် ငွေကြေးဆိုင်ရာတိုးတက်မှုတို့ကို စနစ်တကျကြီးကြပ်စစ်ဆေးပမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့်ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက်တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့ခွဲအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များရရှိအောင်ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်းများဖြစ်ပါသည်။ (၃)လပတ်ကုန်ဆုံးချိန်တိုင်းတွင်အဖွဲ့နှင့် အဖွဲ့ခွဲအသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံစာတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင်ပါမည်။ (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်-

### (၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ၊
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ အဟန့်အတားများနှင့်ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

### (၂) ငွေကြေးဆိုင်ရာတိုးတက်မှု

- ငွေသားနှင့်ငွေသေားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့်နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသော ငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေနေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာအနှစ်ချုပ်ကို ပြုစုပြင်ဆင် ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံစာပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ၂-၃ ခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၎င်းအ စီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ၊ကျေးရွာသားများပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အစီအစဉ်များလိုအပ်သော အကူအညီအထောက်အပံ့များ စသည်တို့ပါဝင်ပါသည်။

### (ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည်သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ် ချက်မှာ ကျွန်ုပ်တို့ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါအဖွဲ့အစည်း၊ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေး တင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန်ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။ နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့

အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

**(ဂ) နည်းပညာဆိုင်ရာအကူအညီ**

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ်အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့နည်းပညာအကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

## နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

### (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း % |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၈ | ၁၄ | ၂၂ | ၂.၉% |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၂၉ | ၂၄ | ၅၃ | ၇.၀၁% |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၄၀ | ၃၅ | ၇၅ | ၉.၉၂% |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၃၅ | ၃၃ | ၆၈ | ၈.၉၉% |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၅၃ | ၂၆၉ | ၅၂၂ | ၆၉.၀၅% |
| ၆၅ နှစ်နှင့်အထက် | သက်ကြီးရွယ်ကြီး | ၈ | ၈ | ၁၆ | ၂.၁၂% |
| **စုစုပေါင်း** | | **၃၇၃** | **၃၈၃** | **၇၅၆** | **၁၀၀%** |
| **စုစုပေါင်းအိမ်ထောင်စု= ၁၆၃** | | **တစ်အိမ်ထောင်စုပျမ်းမျှဦးရေ-၄.၆၅** | | | |

ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊(၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ဒုံမေးခိုးကျေးရွာသည် ပေါင်လင်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာတစ်ရွာဖြစ်ပြီး ဟိုပုံးမြို့မှ (၅)မိုင်ခန့်အကွာတွင်တည်ရှိပါသည်။ အိမ်ထောင်စုပေါင်း( ၁၆၃ )စုရှိပြီး လူဦးရေစုစုပေါင်းမှာ ( ၇၅၆ )ဦးရှိပါသည်။ အလုပ်လုပ်နိုင်သည့် အရွယ်မှာ လူဦးရေ၏( ၆၉.၀၅% )ရှိပြီး ကျေးရွာ၏ အမျိုးသမီး အရေအတွက်မှာ အမျိုးသားများထက်များပြားနေပြီး မြန်မာနိုင်ငံ၏ တစ်အိမ်ထောင်စုပျမ်းမျှဦးရေမှာ (၅)ဦးဖြစ်ပြီး ဒုံမေးခိုးကျေးရွာ၏တစ်အိမ်ထောင်စုပျမ်းမျှလူဦးရေမှာ( ၄.၆၅ )ဦးဖြစ်သည့်အတွက် ကွာခြားချက်မရှိကြောင်းတွေ့ရှိရပါသည်။

## (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် (မြင့်/လတ်/နိမ့်) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွားလုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၄၁ | ၃၅၉ | ၁ | လတ် |
| | အလုပ်သမား/ဝန်ထမ်း | ၂၁ | ၄၀ | ၁၈ | လတ် |
| ၂ | **တိရစ္ဆာန်မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၈ | (ကျွဲ၊ဝက်၊ကြက်) တစ်ပိုင်တစ်နိုင်မွေးမြူရေး (လတ်) |
| | အလုပ်သမား/ဝန်ထမ်း | | | | |
| ၃ | **ငါးလုပ်ငန်း(ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | |
| | အလုပ်သမား/ဝန်ထမ်း | | | | |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | |
| | အလုပ်သမား/ဝန်ထမ်း | | | | |
| **စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | |
| | အလုပ်သမား/ဝန်ထမ်း | | | | |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | ၁ | ဆန်စက်(လတ်) |
| | အလုပ်သမား/ဝန်ထမ်း | | | | |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | |
| | အလုပ်သမား/ဝန်ထမ်း | | | | |

| | | | | | |
|---|---|---|---|---|---|
| ၈ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | |
| | အလုပ်သမား/ဝန်ထမ်း | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် (မြင့်/လတ်/နိမ့်) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | |
| | အလုပ်သမား/ဝန်ထမ်း | | | ၁ | ဆိုင်ကယ်ပြင်(လတ်) |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူစသည်) | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | |
| | အလုပ်သမား/ဝန်ထမ်း | | | | |
| ၁၁ | လက်လီ-လက်ကား ရောင်းဝယ်ရေး | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | ၅ | ကုန်စုံဆိုင် (လတ်) |
| | အလုပ်သမား/ဝန်ထမ်း | | | | |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင်လုပ်ငန်း | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | |
| | အလုပ်သမား/ဝန်ထမ်း | | | | |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | |
| | အလုပ်သမား/ဝန်ထမ်း | | | | |
| ၁၄ | ငွေချေးဝန်ဆောင်မှုလုပ်ငန်း (ဘဏ်နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | |
| | အလုပ်သမား/ဝန်ထမ်း | | | | |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊စက်ကိရိယာ၊ ရောင်းဝယ်ငှါးရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | |
| | အလုပ်သမား/ဝန်ထမ်း | | | | |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | |
| | အလုပ်သမား/ဝန်ထမ်း | | | ၁ | စာရေး(မြို့နယ်ထွေအုပ်)(လတ်) |
| ၁၇ | ပညာရေး | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | |
| | အလုပ်သမား/ဝန်ထမ်း | | | ၃ | ဆရာမ(မူကြို)(လတ်) |

| | | | | | |
|---|---|---|---|---|---|
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | |
| | အလုပ်သမား/ဝန်ထမ်း | | | | |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | |
| | အလုပ်သမား/ဝန်ထမ်း | | | | |
| ၂၀ | **အိမ်များတွင် အငှါးလိုက်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၂ | | ထိုင်းနိုင်ငံသို့သွားရောက်လုပ်ကိုင်ခြင်း(လတ်) |
| | အလုပ်သမား/ကျပန်း/ ရာသီအလိုက် အလုပ်သမား | | | ၄၄ | ထိုင်းနိုင်ငံသို့သွားရောက်လုပ်ကိုင်ခြင်း(လတ်) |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | |
| | အလုပ်သမား/ဝန်ထမ်း | | | | |
| | **စုစုပေါင်း** | **၁၆၃** | **၄၀၁** | **၈၂** | |

ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊(၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ဒုံမေးခိုးကျေးရွာသည် စိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်ကြပြီး မွေးမြူရေးကို တစ်နိုင်တစ်ပိုင်မွေးမြူကြပါသည်။ ကျေးရွာမှမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ဝန်ထမ်း တစ်ဦး၊ ကျေးရွာတွင်ဆရာမ(၃)ဦးရှိကြောင်းတွေ့ရှိရပါသည်။ ဆန်စက်ဖြင့်အသက်မွေးဝမ်းကျောင်း ပြုသူ(၁)ဦး၊ ဆိုင်ကယ်ပြင်ဆိုင်ဖွင့်လှစ်ထားသောသူ(၁)ဦးရှိကြောင်းတွေ့ရှိရပါသည်။

### (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး(ကျပ်) | | အနည်းဆုံး(ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၃၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၂၇၅၀ | - | - | - |
| ၃ | ငါးလုပ်ငန်း(ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |

| | | | | | | |
|---|---|---|---|---|---|---|
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၉၀၀၀ | - | ၆၀၀၀ | - |
| ၇ | ယာဉ်၊စက်ကိရိယာ၊အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ၅၀၀၀ | - | ၃၀၀၀ | |
| ၈ | လက်လီ-လက်ကားရောင်း ဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | ၃၀၀၀ | - | ၂၀၀၀ | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | - | - | - | - |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီး အုပ်စု၊လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။ ။** ပန်းရံ၊လက်သမားလုပ်ငန်းတွင် ဝင်ငွေခြားနားရခြင်းမှာ ကျွမ်းကျင်မှုအပေါ်မူတည်ခြင်းဖြစ်သည်။ ကျား/မဝင်ငွေကွာခြားရခြင်းမှာ လုပ်အားစိုက်ထုတ်နိုင်မှုပေါ်မူတည်၍ ကွာခြားရခြင်းဖြစ်သည်။

## (ဂ) သဘာဝရင်းမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ(ဧက) | မြေဆီလွှာအရည်အသွေး(ကောင်း/သင့်/ညံ့) |
|---|---|---|
| လယ်မြေ | ၁၅ | သင့် |
| ယာမြေ/တောင်ယာမြေ | ၇၂၉.၆ | သင့် |
| ဥယျာဉ်ခြံမြေ | ၁၄ | သင့် |
| ကိုင်း/ကျွန်းမြေ | - | |
| ဓနိတောမြေ | - | |
| စားကျက်မြေ | - | |
| မြေလွတ် မြေလပ် | - | |
| **စုစုပေါင်း** | **၇၅၈.၆** | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊(၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ဒုံမေးခိုးကျေးရွာတွင် လယ်မြေ (၁၅)ဧက၊ ယာမြေ(၇၂၉.၆)ဧကနှင့် ဥယျာဉ်ခြံမြေ (၁၄)ဧကရှိကြောင်းနှင့် မြေအမျိုးအစားအလိုက် မြေဆီလွှာအရည်အသွေးမှာ သင့်တင့်သော အရည်အသွေးသာရှိကြောင်း တွေ့ရှိရပါသည်။

### (ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးချနိုင်မှု (လွယ်/ခက်/အသုံးမပြုနိုင်ပါ) |
|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | မရှိ | လက်လှမ်းမမီ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည် များ | သင့် | စီးပွားဖြစ်ထုတ်လုပ်ရန်ခက်ခဲ |
| သဘာဝ အပင်မျိုးစိတ်များ(နွား စာ၊ ဆေးဘက်ဝင်အပင်များ) | မရှိ | |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | နည်း | ခက် |

ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း -ရပ်မိရပ်ဖအုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျောက်၊ သဲ၊ ကျောက်စရစ်များတည်ရှိနေမှု အသင့်တင့်ရှိနေပြီး စီးပွားဖြစ်ထုတ်လုပ်နိုင်ရန်ခက်ခဲပါသည်။ ကျေးရွာအတွက်သာ အသုံးပြုနိုင်ရန်သာရှိသဖြင့် စီးပွားဖြစ်မလုပ်နိုင်ပါ။ ဓာတ်သတ္တုများနှင့် အခြားသဘာဝ ရင်းမြစ်များ မထွက်ရှိကြောင်း တွေ့ရှိရပါသည်။

### (ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ် ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန် မပြေလည် သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၂ ဧက နှင့်အထက် | ၄ ဧကမှ ၁၂ ဧကထိ | ၁ဧကမှ ၃ဧကထိ | မပိုင် |
| အိမ်အခြေအနေ | တိုက်အိမ်(၂-၃)အိမ် | တိုက်ပု (၁)ထပ် (၁)အိမ် | ထရံအိမ် | ထရံအိမ်၊ ဝါးအိမ် |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ဆန်စက်(၁)လုံး၊ထွန်စက်၊ခိုင်းကျွဲ(၃-၄)၊ နွား(၄၀)၊ကုန်စုံဆိုင်။ | ပြောင်းခွဲစက်၊ လက်တွန်း၊မွေးကျွဲ (၆)ကောင်၊နွား(၂၀) | ထွန်စက်၊လက် တွန်းထွန်စက်(၄ါး ရမ်း)၊ဝက်(၄-၅) ကောင် | မပိုင် |
| အဓိကစီးပွားရေး လုပ်ငန်း | ယာခင်း/လယ်ခင်း၊ စပါး၊ပြောင်း၊နနွင်း၊ ပဲစဉ်းငုံ၊သရက်၊ ထောပတ်၊ သနပ်ဖက်) | ယာခင်း၊ပြောင်း၊ နှစ်ရှည်ပင် | ယာ၊လက်မှုပညာ နှင့်အသက်မွေးဝမ်း (ကျပန်း) | ကြုံရာ ကျပန်း |
| အခြား | ကား(၁)စီး၊ဆိုင် ကယ်(၂-၃)စီး၊ဖုန်း | ဖုန်း(အိမ်နေလူဦး ရေ၏ ၂/၃ပိုင်ဆိုင်) | အိမ်တစ်လုံးတွင် ဖုန်း(၁)စီးရှိ | - |
| အိမ်ထောင်စု-၁၆၃ | ၂၅ (၁၅.၃%) | ၁၅ (၉.၂%) | ၄၉ (၃၀.၁%) | ၇၄ (၄၅.၄%) |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ဒုံမေးခိုးကျေးရွာတွင် အလယ်အလတ်ရှိသော အိမ်ထောင်စုများမှာ မြေယာများပိုင်ဆိုင်မှုများ၍ အလွန်ဆင်းရဲသော အိမ်ထောင်စုများမှာ မြေယာများ မပိုင်ကြောင်းတွေ့ရပါသည်။ အိမ်အခြေအနေမှာအဆင်ပြေသောအိမ်ထောင်စုများ၏ အိမ်များမှာ သွပ်မိုး၊အုတ်/ပျဉ်ကာများဖြစ်၍ ကျန်အိမ်ထောင်စုများမှာ သွပ်မိုး၊ဝါးထရံကာများဖြစ်ကြောင်းနှင့် လုပ်ငန်းသုံးစက်ကိရိယာပိုင်ဆိုင်မှုမှာ အဆင်ပြေသောအိမ်ထောင်စုနှင့် အလယ်အလတ်ရှိသော အိမ်ထောင်စုများသာ ပိုင်ဆိုင်ကြောင်းတွေ့ရှိရသည်။ အိမ်ထောင်စုများသောအားဖြင့် ဆိုင်ကယ်များပိုင်ဆိုင်၍ အဆင်ပြေသော အိမ်ထောင်စုနှင့် အလယ်အလတ်ရှိသော အိမ်ထောင်စုများ၏ အဓိက စီးပွားရေးလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးဖြစ်ပြီး ကျန်အိမ်ထောင်စုများမှာ စိုက်ပျိုးရေးနေ့စားလုပ်ကိုင်သူများ၊ကျပန်းလုပ်ကိုင်သူများနှင့် အဆင်ပြေသော အိမ်ထောင်စုများမှ မစိုက်ပျိုးသော မြေကွက်များတွင်စိုက်ပျိုးလုပ်ကိုင်နေကြကြောင်း တွေ့ရှိရပါသည်။

### (င)    ထိခိုက်လွယ်မှု

#### (င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှါးခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာခနေဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု% | ဖြေရှင်းသည့် နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၁၆ | ၄၈.၆၅% | ၃လအောက်ဝမ်းစာဖူလုံသောအိမ်ထောင်စုအများစုသည်စိုက်ပျိုးရေးနေ့စားလုပ်ကိုင်သူများနှင့်ကျပန်းလုပ်ကိုင်သူများဖြစ်ကြသည်။ |
| ၃ လနှင့် ၆ လကြားဝမ်းစာ ဖူလုံမှု | ၁၉ | ၅၁.၃၅% | ၃လနှင့်၆လကြားဝမ်းစာဖူလုံသောအိမ်ထောင်စုအများစုသည် ရိက္ခာအတွက်ငွေချေးကာ စိုက်ပျိုးကုန်များရောင်းချရသည့်ဝင်ငွေရလျှင်ရချင်းပြန်လည်ပေးဆပ်ကြသည်။ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာ ဖူလုံမှု | | | |

ရင်းမြစ်... ဥစ္စာခနေအဆင့် '၃'နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။**            ။ ဒုံမေးခိုးကျေးရွာတွင် ၃ လအောက်ဝမ်းစာဖူလုံသောအိမ်ထောင်စု အများစု သည်စိုက်ပျိုးရေးနေ့စား လုပ်ကိုင်သူများနှင့်ကျပန်း လုပ်ကိုင်သူများဖြစ်ပြီး ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံသောအိမ်ထောင်စုအများစုသည် ရိက္ခာအတွက်ငွေချေး ကာ စိုက်ပျိုးကုန်များရောင်း ချရသည့် ဝင်ငွေရလျှင်ရချင်း ပြန်လည်ပေးဆပ်ရကြောင်းတွေ့ရှိရသည်။

### (င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့်ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီး ဦးဆောင်အိမ်ထောင်စု | ၁၀ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | - | | |
| အခြားဒေသသို့ ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဒုံမေးခိုးကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုနှင့် မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်မရှိကြောင်းတွေ့ရှိရသည်။ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးအိမ်ထောင်စုမှာ (၁၀)အိမ်သာရှိ၍ မုဆိုးဖို/တစ်ခုလပ် ဦးဆောင်သည့် အိမ်ထောင်စုနှင့် အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု မရှိကြောင်း တွေ့ရှိရပါသည်။

### (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ) | ထိခိုက်လွယ်မှု (မြင့်/လတ်/နိမ့်/မရှိ) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | လတ် | |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | လတ် | |
| ၃ | ရေကြီးခြင်း | မရှိ | |
| ၄ | မိုးခေါင်ခြင်း | မရှိ | |
| ၅ | အအေးလွန်ကဲခြင်း | မရှိ | |
| ၆ | မုန်တိုင်း | မရှိ | |
| ၇ | ငလျင် | မရှိ | |
| ၈ | မီးဘေး | မရှိ | |
| ၉ | ဆားငန်ရေဝင်မြေ | မရှိ | |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မရှိ | |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ) | ထိခိုက်လွယ်မှု (မြင့်/လတ်/နိမ့်/မရှိ) | မှတ်ချက် |
|---|---|---|---|
| ၁၁ | သစ်တောပြုန်းတီးခြင်း | မရှိ | |
| ၁၂ | ငှက်ဖျားရောဂါ | မရှိ | |
| ၁၃ | တီဘီရောဂါ | မရှိ | |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မရှိ | |
| ၁၅ | ပြည်တွင်းပဋိပက္ခ | မရှိ | |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မရှိ | |
| ၁၇ | လူကုန်ကူးခြင်း | မရှိ | |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲစသည် | မရှိ | |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။ ။** သဘာဝရင်းမြစ် (စိုက်ပျိုးမြေ) နည်းပါးခြင်း၊ သီးနှံထွက်နှုန်းပုံမှန်မရှိခြင်း၊ သီးနှံထွက် ကုန်များ ရောင်းဈေးများပုံမှန်မရှိခြင်း၊ စသည်တို့ကြောင့် စားနပ်ရိက္ခာမဖူလုံမှုဖြစ်နေရပါသည်။ တီဘီ ရောဂါကူးစက်ခံရမှုများအား ကျန်းမာရေးဦးစီးဌာနမှ လမ်းညွှန်မှုနှင့် သောက်သုံးရမည့် ဆေးဝါးများ အား သောက်သုံးကာ ရောဂါပျောက်ကင်းအောင်ကုသလျှက်ရှိပါသည်။ တိရိစ္ဆာန်များ ကူးစက်ရောဂါများ ကျရောက်မှုရှိသော်လည်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ လာရောက်ကုသမှုပေး သဖြင့် ထိခိုက်မှုမရှိ ကြောင်းတွေ့ရှိရသည်။

## (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား(၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ) | ထိခိုက်လွယ်မှု (မြင့်/လတ်/နိမ့်/မရှိ) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | မရှိ | |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် | |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် | |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မရှိ | |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မရှိ | |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ(Prone to accident)တွင် နေထိုင်သူများ | မရှိ | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP) | မရှိ | |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မရှိ | |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ) | ထိခိုက်လွယ်မှု (မြင့်/လတ်/နိမ့်/မရှိ) | မှတ်ချက် |
|---|---|---|---|
| ၉ | ငါးကန်ပိုင်ရှင်များ | မရှိ | |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မရှိ | |
| ၁၁ | လူနည်းစုလူမျိုးများ | မရှိ | |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မရှိ | |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မရှိ | |
| ၁၄ | ရွှေတွင်းလုပ်သားများ | မရှိ | |
| ၁၅ | ဆေးစွဲသူများ | မရှိ | |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | နိမ့် | |
| ၁၇ | လည့်လည်သွားလာ၍ ဈေးရောင်းသူများ | မရှိ | |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မရှိ | |
| ၁၉ | ရွှေပြောင်းလုပ်သားများ | မရှိ | |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မရှိ | |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း-ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ အမျိုးသမီးဦးဆောင်သော ဆင်းရဲသည့် အိမ်ထောင်စုများ၊ ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စားသမားများမှာ စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများကြုံတွေ့လာပါက တခြားသောသူများထက် ပိုမိုထိခိုက်ခံစားလွယ်ပါသည်။ အဆိုပါအခြေအနေများတွင် အခြားသူများထံမှ ချေးယူခြင်းဖြင့် ဖြေရှင်းကြပါသည်။ တီဘီရောဂါကူးစက်ခံရသူအနည်းငယ်ရှိပါသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

#### (က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား(၁၁) ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုး အစား | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | စွမ်း ဆောင် နိုင်မှု |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | ကျေးရွာ ရပ်မိရပ်ဖ | ၂ | ၅၀ | | ၅၀ | ပညာရေး၊ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊ ဘာသာရေး၊ သာရေး၊ နာရေး၊လူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့်ကာကွယ်ရေး | သင့် |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | စွမ်းဆောင်နိုင်မှု |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၂ | လူငယ်အဖွဲ့ | ၁ | ၂၀ | ၂၀ | ၄၀ | ဘာသာရေး၊ သာရေး၊ နာရေး၊ လူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့် ကာကွယ်ရေး | သင့် |
| ၃ | ကျန်းမာရေးကော်မတီ | ၂ | ၂ | - | ၂ | ကျန်းမာရေး | သင့် |
| ၄ | ကျောင်းအကျိုးတော်ဆောင် | ၂ | ၄ | - | ၄ | ပညာရေး | သင့် |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေး အခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့-ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်။** ။ ပညာရေး၊ကျန်းမာရေး၊ သာရေး/နာရေး၊ ဘာသာရေးနှင့် လုံခြုံရေးကိစ္စများ အား ကျေးရွာရပ်မိရပ်ဖများမှ ဦးဆောင်ကာ ပေါင်းစပ်ဆောင်ရွက်လျှက်ရှိပါသည်။ ဆောင်ရွက်ပေးနိုင်မှု အသင့်အတင့်ရှိပါသည်။ ပေါင်းစပ်ဆောင်ရွက်ရာတွင် အမျိုးသမီး ပါဝင်မှုအားနည်းကြောင်း တွေ့ရှိပါသည်။ ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းမှာ (၄)ဖွဲ့ရှိပြီး လုပ်ငန်းတာဝန်မှာ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးများကို လုပ်ဆောင်ကြကြောင်း တွေ့ရှိရပါသည်။

### (က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| | | | |
| | | | |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ-ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သော အဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ-Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှု အဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ- GIZ,UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**လေ့လာတွေ့ရှိချက်။** ။ ဒုံမေးခိုးကျေးရွာတွင် ပြင်ပအဖွဲ့အစည်းများနှင့်လက်ရှိအခြေအနေတွင် ချိတ်ဆက်ဆောင်ရွက်မှုမရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(ခ-၁) သီးနှံထုတ်လုပ်ရေး**

**(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု**

ဇယား(၁၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု ရာခိုင်နှုန်း | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၂၂ | ၁၃.၅% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၅၀ | ၃၀.၆၇% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧကကြား | ၂၈ | ၁၇.၁၈% | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧကကြား | ၄၁ | ၂၅.၁၅% | တောင်သူလတ် |
| ၅ | ၁၂.၅ဧက အထက် | ၂၂ | ၁၃.၅% | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | **၁၆၃** | | |

ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ဒုံမေးခိုးကျေးရွာတွင် တောင်သူလတ်နှင့်တောင်သူကြီးအနည်းငယ်ရှိပြီး မြေယာမဲ့နှင့် ဆင်းရဲသားတောင်သူများပြားကြောင်းတွေ့ရှိရပါသည်။

### (၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား(၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | ရေသောက် (ဧက) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု(ရှိ/မရှိ) |
| ၁ | ဆည် | မရှိ | - | |
| ၂ | ရေလွှဲဆည် | မရှိ | - | |
| ၃ | မြစ်ရေတင်စီမံကိန်း | မရှိ | - | |
| ၄ | ရေသွင်းမြောင်း | မရှိ | - | |
| ၅ | အဝီစိတွင်း | မရှိ | - | |
| ၆ | လက်ငင်ရေတွင်း | မရှိ | - | |
| ၇ | စိမ့်စမ်းရေ | မရှိ | - | |
| ၈ | ချောင်းရေ | ရှိ | ရာသီအလိုက် | လုံလောက်မှုမရှိ |

ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း-လယ်သမားအုပ်စု၊(၂)ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်ရေအရင်းအမြစ်မရှိသောကြောင့် နီးစပ်ရာကျေးရွာမှရေရယူ သော်လည်းရေရရှိရန်ပိုက်သွယ်တန်းရာတွင်အခက်အခဲရှိနေပါသည်။ မိုးရာသီသာ ရေလုံလောက်ပြီး ကျန်ရာသီများတွင်လုံလောက်မှုမရှိကြောင်း တွေ့ရှိရပါသည်။

### (၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား(၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစု လိုအပ်ချက် | အမြတ်ရရှိနိုင်မှု |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | |
| ပြောင်း | ၁၀၀ | ပိဿာ | ၈၀၀ | ၁၅၀၀ | ၁၁၅၀ | ဇွန် | နိုဝင်ဘာ | နိမ့် | လတ် |
| နနွင်း | ၅၀ | ပိဿာ | ၁၀၀ | ၅၀၀ | ၃၀၀ | မတ် | ဖေဖော်ဝါရီ | နိမ့် | လတ် |
| ဆေးဂမုန်း | ၅၀ | ပိဿာ | ၂၀၀၀ | ၄၀၀၀ | ၃၀၀၀ | ဇွန် | ဖေဖော်ဝါရီ | လတ် | လတ် |
| စပါး | ၃၀ | တင်း | ၁၀ | ၂၅ | ၁၈ | ဇွန် | အောက်တိုဘာ | နိမ့် | နိမ့် |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း-လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်ပြောင်းစိုက်ပျိုးရေးမှာ အထွက်နှုန်းပုံမှန်ရှိပြီး သွင်းအားစု လိုအပ်ချက် နည်းကာ အမြတ်ရရှိမှုလည်း နည်းပါးပါသည်။ နနွင်း၊ဆေးဂမုန်းနှင့်စပါး စိုက်ပျိုးရေးမှာလည်းအထွက်နှုန်း တစ်နှစ်နှင့်တစ်နှစ် ခြားနားမှု အသင့်အတင့်ရှိပြီး သွင်းအားစု လိုအပ်ချက်နည်းပါးပါသည်။ ဆေးဂမုန်းစိုက်ပျိုးမှုမှာ အမြတ်များသော်လည်း ကျေးရွာတွင်အရင်းအနှီးမလုံလောက်သောကြောင့် အသင့်အတင့်သာစိုက်ပျိုးကြောင်းတွေ့ရှိရပါသည်။

## (၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား(၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှါးရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက် |
|---|---|---|---|---|
| ထွန်စက် | ၈ | - | - | ၂၁ |
| လက်တွန်းထွန်စက် | ၃၁ | - | - | ၁၇ |
| အစေ့ချ ကိရိယာ | - | - | - | - |
| ရိတ်သိမ်းခြွေလှေ့စက် | ၂ | - | - | ၄ |
| ရိတ်သိမ်းစက် | - | - | - | ၁ |
| ခြွေလှေ့စက် | ၄ | - | - | ၁၇ |
| ရေစုပ်စက် | ၃ | - | - | ၁ |
| ခြေနင်းရေတင်စက် | - | - | - | - |
| မြက်ရိတ်စက် | ၂ | - | - | ၁ |

ရင်းမြစ်…(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂)ဦးတည်အုပ်စု ဆွေးနွေးခြင်း -လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဒုံမေးခိုးကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှုမှာ ထွန်စက်(၈)စီး၊ လက်တွန်းထွန်စက်(၃၁)စီး၊ ရိတ်သိမ်းခြွေလှေ့စက်(၂)စီး၊ ခြွေလှေ့စက်(၄)စီး၊ ရေစုပ်စက် (၃)စီးနှင့် မြက်ရိတ်စက်(၂)စီးရှိပြီး ငှါးရမ်းလုပ်ကိုင်သောတောင်သူများအတွက် ထွန်စက် တစ်နာရီလျှင် (၂၅၀၀၀)ကျပ်ဖြစ်ပြီး လက်တွန်းထွန်စက် တစ်နာရီလျှင် (၄၀၀၀)ကျပ်ပေးရကြောင်း တွေ့ရှိရပါသည်။

## (၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား(၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ရှင်းလင်းချက်/ဖော်ပြချက် |
|---|---|
| သဘာဝ ရေမြေရာသီဥတု အနေအထား | သင့်တင့်မျှတ |
| လယ်ယာမြေ အသုံးချနိုင်မှု | သင့်တင့်မျှတ |
| စိုက်ပျိုးရေ အရင်းအမြစ် | မရှိ |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | ပွဲစားများထံမှ ချေးငွေများရရှိခြင်း |
| သီးနှံမျိုးစေ့ ရရှိနိုင်မှု | သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်ခြင်း |
| သဘာဝမြေဆွေး/ အော်ဂဲနစ် မြေသြဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ | |
| ဓာတုပိုးသတ်ဆေး၊ဓာတ်မြေသြဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | |
| လုပ်သားရရှိနိုင်မှု | ကျေးရွာတွင်စိုက်ပျိုးရေးလုပ်သားများရရှိနိုင်ခြင်း |
| နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ | စိုက်ပျိုးရေးနည်းပညာများလိုအပ်ခြင်း |
| သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု | သီးနှံများကို ရောင်းချနိုင်ခြင်း |

ရင်းမြစ်…(၁)ဦးတည်အုပ်စု ဆွေးနွေးခြင်း-လယ်သမားအုပ်စု၊ (၂)သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ဒုံမေးခိုးကျေးရွာတွင် သီးနှံအထွက်နှုန်းတိုးတက်စေရန်အတွက် အခွင့်အလမ်းမှာသင့်တင့်သော မြေဆီသြဇာရှိခြင်း၊ သဘာဝဓာတ်မြေသြဇာများ လွယ်ကူစွာ ဝယ်ယူရရှိသော်လည်း စိုက်ပျိုးရေးနည်းပညာများ လိုအပ်နေခြင်းနှင့် စိုက်ပျိုးရေးအတွက်ကုန်ကျမည့်ငွေကြေးအရင်းအနှီးများအား သီးနှံပွဲစားများထံမှကြိုတင်ရယူနိုင်ကြောင်း တွေ့ရှိရပါသည်။

## (၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား(၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| သဘာဝ ရေမြေရာသီဥတု အနေအထား | ရာသီဥတုမမှန်ခြင်း |
| လယ်ယာမြေ အသုံးချနိုင်မှု | လယ်ယာမြေများတိုးချဲ့နိုင်မှုမရှိခြင်း |
| စိုက်ပျိုးရေ အရင်းအမြစ် | စိုက်ပျိုးရေ အလွယ်တကူမရနိုင်ခြင်း |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | သီးနှံပွဲစားများထံမှ အတိုးနှုန်းကြီးစွာဖြင့်ချေးငွေယူရခြင်း |

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| သီးနှံမျိုးစေ့ ရရှိနိုင်မှု | သီးနှံမျိုးစေ့ အလွယ်တကူမရနိုင်ခြင်း |
| သဘာဝမြေဆွေး/ အော်ဂဲနစ် မြေသြဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ | |
| ဓာတုပိုးသတ်ဆေး၊ဓာတ်မြေသြဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူမရနိုင်ခြင်း |
| နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ | စိုက်ပျိုးရေးနည်းပညာဗဟုသုတနည်းပါးခြင်း |
| သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု | သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ။ |
| ဖျက်ပိုးနှင့် ရောဂါကျရောက်မှု | အဖျက်ပိုးနှင့် ရောဂါကျရောက်မှုအနည်းငယ်ရှိခြင်း |

ရင်းမြစ်…(၁)ဦးတည်အုပ်စုဆွေးနွေးခြင်း-လယ်သမားအုပ်စု၊(၂)သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ဒုံမေးခိုးကျေးရွာတွင် စိုက်ပျိုးရေ အရင်းအမြစ်မရှိခြင်း၊ အော်ဂဲနစ်ဓာတ်မြေသြဇာ နည်းပညာဝန်ဆောင်မှုများမရှိခြင်း၊ ရာသီဥတုမမှန်ခြင်းကြောင့်သီးနှံများ ပုံမှန်ဈေးကွက်မရှိခြင်းနှင့် ဖျက်ပိုးနှင့် ရောဂါ အနည်းငယ်ရှိကြောင်းတွေ့ရှိရပါသည်။

### (ခ-၂) မွေးမြူရေးလုပ်ငန်း

### (၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား(၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေ** | - | |
| နွား | - | |
| နို့စားနွား | - | |
| ကျွဲ | ၁၀ | ၄၁ |
| မြင်း | - | |
| မြည်း | - | - |
| လား | - | - |
| ဆိတ် | - | - |

| | | |
|---|---|---|
| သိုး | - | - |
| ဝက် | ၃၉ | ၂၂၀ |
| ကြက် | ၅ | ၃၁ |
| ဘဲ | - | - |
| နွားနောက် | - | - |
| **ငါးလုပ်ငန်း** | - | - |
| ငါးကန် | - | - |
| ပုစွန်ကန် | - | - |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | - | - |
| ရေချိုငါးဖမ်းလုပ်ငန်း | - | - |
| ကမ်းလွန်ငါးဖမ်းလုပ်ငန်း | - | - |

ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း-လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဒုံမေးခိုးကျေးရွာတွင် ကျွဲ၊ဝက်၊ကြက်မွေးမြူရေးကို တစ်နိုင်တစ်ပိုင်သာမွေးမြူကြပါသည်။ စားကျက်မြေများမရှိသောကြောင့် စီးပွားဖြစ်မမွေးမြူနိုင်ကြောင်းတွေ့ရှိရပါသည်။

## (၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| **အခွင့်အလမ်း** | **ဖော်ပြချက်/ရှင်းလင်းချက်** |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | စာကျက်မြေများမရှိခြင်း |
| ရေရရှိမှု | အသင့်အတင့်သာရနိုင် |
| မျိုးတိရ စ္ဆာန် လက်လှမ်းမီမှု | |
| ချေးငွေ | |
| သွင်းအားစု (မွေးမြူရေးအစာ၊ဆေးစသည်) ဈေးကွက် | |
| ဝန်ဆောင်မှုနှင့် နည်းပညာပံ့ပိုးမှု | |
| ထုတ်ကုန် ရောင်းဝယ်မှု | |
| အိမ်ခြံဝင်းအတွင်း မြေနေရာလုံလောက်မှု | |
| **ငါးလုပ်ငန်း** | |
| ငါး/ပုစွန်မွေးမြူရန် ရေမြေ အနေအထား | |
| ငါး/ပုစွန်သားပေါက် လက်လှမ်းမီမှု | |
| ချေးငွေ | |
| သွင်းအားစု လက်လှမ်းမီမှု | |
| နည်းပညာအကူအညီနှင့် နည်းလမ်းများ | |

| | |
|---|---|
| ထုတ်ကုန်ရောင်းဝယ်မှု | |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | |

ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း-လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဒုံမေးခိုးကျေးရွာတွင် ကျွဲ၊ဝက်၊ကြက်မွေးမြူရေးကို တစ်နိုင်တစ်ပိုင်သာမွေးမြူကြကြောင်းတွေ့ရှိရပါသည်။

## (၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား(၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | စားကျက်မြေလုံးဝမရှိပါ |
| ရေရရှိမှု | ရေရှားပါးသည် |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | |
| ဈေးငွေ | ဈေးငွေလွယ်ကူစွာမရရှိနိုင် |
